# ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

မည်သူမဆိုမတော်တဆထိခိုက်မှုကြောင့် ကိုယ်အင်္ဂါထိခိုက်ဒဏ်ရာရခြင်း၊ ဆေးရုံတက်ကုသရခြင်း၊ ခြေလက်အင်္ဂါဆုံးရှုံးခြင်း၊ မသန်စွမ်း ဖြစ်ခြင်း နှင့် သေဆုံးခြင်းများ ဖြစ်ပွားသည့်အခါ ငွေကြေးအထောက်အပံ့ ပြန်လည်ရရှိနိုင်သည့် အာမခံ အမျိုးအစားဖြစ်ပါသည်။

**အာမခံထားနိုင်ခွင့်ရှိသူ** - အသက် (၁၆) နှစ်မှ (၆၅) နှစ်အတွင်းရှိ ကျန်းမာရေးကောင်းမွန်သူများ

**အာမခံထားငွေ** - အနည်းဆုံးကျပ် (၅) သိန်း မှ အများဆုံးကျပ်သိန်း (၂၀၀) အထိ (သို့မဟုတ်)

အမေရိကန်ဒေါ်လာ (၁,၀၀၀) မှ (၂၀၀,၀၀၀) အထိ

**အာမခံသက်တမ်း** - ၃ လ၊ ၆ လ၊ ၁ နှစ်

**ပရီမီယံနှုန်း**
- တစ်နှစ်အတွက် အာမခံထားငွေ၏ ၀.၇%
- တပ်မတော်သား၊ ပြည်သူ့ရဲ၊ လေယာဉ်ဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်း စသောအန္တရာယ်များသည့် အလုပ်အကိုင်များအတွက် အာမခံထားငွေ၏ ၁%
- အာမခံသက်တမ်း ၃ လ၊ ၆ လ အတွက် ၁ နှစ် သက်တမ်းပရီမီယံ၏ အချိုးကျပရီမီယံ

**ကိုယ်အင်္ဂါထိခိုက်မှုအာမခံဝယ်ယူခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ**

မတော်တဆထိခိုက်မှုကြောင့် သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ကိုယ်အင်္ဂါထိခိုက်ဒဏ်ရာရခြင်း၊ ခြေလက်အင်္ဂါဆုံးရှုံးခြင်း၊ ဆေးရုံတက် ရခြင်း၊ အလုပ်မလုပ်နိုင်ခြင်း ဖြစ်ပွားသည့်အခါ လျော်ကြေးခံစားခွင့် ရရှိမည် ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁။ အောက်ပါအဖြစ်အပျက်များနှင့်အကြောင်းအရာများ၊ အကျိုးဆက်များကြောင့် ဖြစ်ပေါ်သည့်သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် ဒဏ်ရာ ရခြင်း စသည်များမှာ ကိုယ်အင်္ဂါ ထိခိုက်မှုအာမခံတွင် အကျုံးမဝင်ပါ။

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ မသန်စွမ်းဖြစ်စေခြင်းနှင့် သေဆုံးစေခြင်း။

(ခ) မူးယစ်စေတတ်သောဆေးဝါးသုံးစွဲထားစဉ် (သို့) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့်သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း။

(ဃ) စစ်ဖြစ်ပွားခြင်း (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ)၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် (သို့) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၎င်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းအရင်းများ (သို့) ၎င်းတို့၏ အကျိုးဆက်များကြောင့် ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(င) ရာဇဝတ်မှု ကျူးလွန်ရာမှဒဏ်ရာ အနာတရဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့်သေဆုံးခြင်း။

(စ) သူတစ်ပါး၏ လက်ချက်ကြောင့်ဖြစ်စေ၊ သူတစ်ပါး၏ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ ဒဏ်ရာ ရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွားပြီးနောက် ၃လကျော်လွန်ပြီး ၄လမတိုင်မီ ဖြစ်ပေါ်သောဒဏ်ရာရခြင်း၊မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းများမှာ အဆိုပါမတော်တဆဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း ခိုင်လုံစွာ သက်သေပြနိုင်မှသာ ဤအာမခံ၌ အကျုံးဝင်မည် ဖြစ်သည်။

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။

၃။ အကျိုးခံစားခွင့်တောင်းခံမည့် အဖြစ်ပျက် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အချက်အလက် အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ (၁၄) ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသော တောင်းခံလွှာဖြင့် လိုအပ်သောအထောက် အထားများ ပူးတွဲ၍ တောင်းခံရပါမည်။

၄။ ဒဏ်ရာရခြင်း။ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ဆရာဝန်များက အလောင်း ကို ခွဲစိတ်စစ် ဆေးခြင်း (Post –mortem Examination) အပါအဝင် လိုအပ်သလို စစ်ဆေးပါမည်။

၅။ FNI မှ ဤအာမခံကို ဖျက်သိမ်းခဲ့လျှင် တည်မြဲခဲ့သောကာလအတွက် အချိုးကျရက်တွက်ပရီမီယံနှုန်း (pro rata) နှင့် တွက်ချက်၍ ပိုငွေပြန်အမ်းမည်။

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရရှိနိုင်သော အကျိုးခံစားခွင့်စုစုပေါင်းမှာ အာမခံထားငွေဖြစ်ပါသည်။

၇။ မသန်စွမ်းဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့် နှင့် ပူးတွဲခံစားခွင့်မရှိပါ။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့ လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံ ကိုယ်စားလှယ်များ သို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။